**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့ (တနင်္လာနေ့)၊ နံနက် (၁၀) နာရီ တွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုင်းစ်စီးတီး ရှိ ယူအေဘီတာဝါ ၏ ၂၃ လွှာ၊ ပင်မဘုတ်အစည်းအဝေးခန်းမ ၌ ကျင်းပပြုလုပ်ခဲ့သော ယူအေဘီဘဏ်လီမိတက်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတ်တမ်း**

**Minutes of the 13th Annual General Meeting of uab bank Limited which was held on 3rd July 2023 (Monday), 10:00 a.m. at the Main Board Room, Level 23, uab Tower @ Times City, Kyun Taw Road, Kamayut Township, Yangon, Myanmar**

| အစည်းအဝေးတက်ရောက်ကြသူများ | Present |
|---|---|
| **အစုရှယ်ယာရှင်များ** | **Shareholders** |
| Capital Link Investment Company Limited အတွက် ကိုယ်စားပြုသူ ဒေါ်ယမုံဖူး | Capital Link Investment Company Limited, represented by Daw Yamone Phue |
| Future Growth Investment Company Limited အတွက် ကိုယ်စားပြုသူ ဒေါ်ကျော့ကျော့ခိုင် | Future Growth Investment Company Limited, represented by Daw Kyawt Kyawt Khaing |
| **ဒါရိုက်တာအဖွဲ့** | **Board of Directors** |
| ဦးနေအေး<br>(ဥက္ကဋ္ဌ) | U Nay Aye<br>(Chairman) |
| ဦးသန့်ဇင်<br>(အလုပ်အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ) | U Thant Zin<br>(Non-Executive Director) |

ဦးတင့်သွင်
(အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ)
ဦးဝင်းထိန်မင်း
(အလုပ်အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သော ဒါရိုက်တာ)
Mr. Christopher Loh
(မန်နေဂျင်းဒါရိုက်တာ နှင့် အမှုဆောင်အရာရှိချုပ်)

U Tint Thwin
(Independent Non-Executive Director)
U Win Htein Min
(Independent Non-Executive Director)
Mr. Christopher Loh
(MD & CEO)

**<u>အစည်းအဝေးတက်ရောက်သူများ</u>**

ဒေါ်ကျော့ကေခိုင်
(ဒုတိယအမှုဆောင်အရာရှိချုပ်)
ဒေါ်ရွှန်းပမြတ်နိုးအိမ်
(အတွင်းရေးမှူးရုံး)
ဒေါ်ဆင့်ဆက်နိုင်
(အတွင်းရေးမှူးရုံး)

**<u>Attendances</u>**

Daw Kyawt Kay Khaing
(Deputy Chief Executive Officer)
Daw Shune Pa Myat Noe Eain
(Secretariat)
Daw Sint Sett Naing
(Secretariat)

**<u>စာရင်းစစ်</u>**

ဦးမြတ်နိုးအောင်
(V Advisory Limited)
ဦးဝင်းထွဋ်အောင်
(V Advisory Limited)
ဦးမောင်မောင်အောင်
(U Hla Tun & Associates Limited)

**<u>Auditor</u>**

U Myat Noe Aung
(V Advisory Limited)
U Win Htut Aung
(V Advisory Limited)
U Maung Maung Aung
(U Hla Tun & Associates Limited)

အတွင်းရေးမှူးရုံး : ဥပဒေရေးရာဌာန နှင့် အတွင်းရေးမှူးရုံး၊ ယူအေဘီဘဏ်လီမိတက်
Secretariat : Legal & Secretariat, uab bank Limited

အစည်းအဝေးအထမြောက်ရန်ဦးရေ : လိုအပ်သည့် လူဦးရေပြည့်မီသောကြောင့် အစည်းအဝေးအထမြောက်ပါသည်။
Quorum : The requisite quorum was satisfied for the conduct of the meeting.

၁။ ယူအေဘီဘဏ်လီမိတက် (ဘဏ်) ၏ (၁၃)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး (အစည်းအဝေး) ကို ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့၊ တနင်္လာနေ့၊ နံနက် (၁၀) နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုင်းစ်စီးတီး ရှိ ယူအေဘီတာဝါ ၏ (၂၃) လွှာ၊ ပင်မဘုတ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အစည်းအဝေးအစီအစဉ်ကြေညာခြင်း၊

(၂) အစည်းအဝေးအထမြောက်ကြောင်းကြေညာခြင်း နှင့် အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း၊

(၃) အစည်းအဝေး သဘာပတိ က အဖွင့်အမှာစကားပြောကြားခြင်း၊

(၄) ယူအေဘီဘဏ်လီမိတက်၏ (၁၂)ကြိမ်မြောက်အထွေထွေအစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်း၊

(၅) လုပ်ငန်းစဉ်များအားတင်ပြဆောင်ရွက်ခြင်း၊

(၅.၁) သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၁) - ၂၀၂၃ ခုနှစ်၊ မတ်လ၊ (၃၁) ရက်၊ ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အတည်ပြုခြင်း၊

(၅.၂) သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၂) - ဒါရိုက်တာအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းကိုအတည်ပြုခြင်း၊

(၅.၃) သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၃) - စာရင်းစစ်ကော်မတီအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းကိုအတည်ပြုခြင်း၊

(၅.၄) သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၄) - U Hla Tun & Associates Limited မှ ဦးမောင်မောင်အောင် အား ယူအေဘီဘဏ်လီမိတက်၏ စာရင်းစစ်အဖြစ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း၊

(၆) အထွေထွေကိစ္စရပ်များ၊

(၇) သဘာပတိ က နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားခြင်း နှင့် အစည်းအဝေးပြီးစီးကြောင်းကြေညာခြင်း။

1. 13th Annual General Meeting (AGM) of uab bank Limited (Bank) was held on 3rd July 2023 (Monday), 10:00 a.m. at the Main Board Room, Level 23, uab Tower @ Times City, Kyun Taw Road, Kamayut Township, Yangon, Myanmar. The agenda is as follows:

(1) ANNOUNCMENT OF THE MEETING AGENDA
(2) ANNOUNCMENT OF CONVENING THE MEETING AND COMMENCEMENT OF THE MEETING
(3) WELCOME REMARKS BY CHAIRMAN
(4) CONFIRMATION OF MINUTES OF 12$^{TH}$ AGM OF uab bank Limited
(5) ORDINARY RESOLUTIONS
  (5.1) Ordinary Resolution (1) – Approval of the Audited Financial Statements, Directors' Statements and Audit's Report for the Financial Year ended 31$^{st}$ March 2023.
  (5.2) Ordinary Resolution (2) – Approval of the Appointment of the Directors.
  (5.3) Ordinary Resolution (3) – Approval of the Appointment of the Audit Committee Members.
  (5.4) Ordinary Resolution (4) – Approval of the Appointment of U Maung Maung Aung from U Hla Tun & Associates Limited as External Auditor.
(6) OTHER MATTERS
(7) CLOSING ADDRESS BY CHAIRMAN AND DECLARATION OF SUCCESSFUL COMPLETION OF THE MEETING

၂။ အစီအစဥ် (၁) အရ အခမ်းအနားမှူး (အတွင်းရေးမှူးရုံးအဖွဲ့) က အခမ်းအနားအစီအစဥ်အား ဖတ်ကြားကြေညာပါသည်။

2. According to Agenda (1), the master of ceremony (Secretariat) announced the Meeting Agenda.

၃။ အစီအစဥ်(၂) အရ အတွင်းရေးမှူးရုံးအဖွဲ့ က ဘဏ်၏သင်းဖွဲ့စည်းမျဥ်းတွင် သတ်မှတ်ထားသည့်အတိုင်း ဦးရေပြည့်မီသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပါသည်။ အစုရှယ်ယာရှင်များ၏ တရားဝင်ကိုယ်စားလှယ် (ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ)၊ ဒါရိုက်တာအဖွဲ့ဝင်များ နှင့် တက်ရောက်လာသူများ အား မှတ်တမ်းပြုထားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဆက်လက်၍ အတွင်းရေးမှူးရုံးအဖွဲ့ က အစုရှယ်ယာရှင်များ၏ ကြိုတင်ခွင့်ပြုချက်အရ ဥက္ကဋ္ဌ ဦးနေအေး အား အစည်းအဝေး၏သဘာပတိ အဖြစ် ဆောင်ရွက်ပေးပါရန် နှင့် အဖွင့်အမှာစကားပြောကြားပေးပါရန် ပန်ကြားခဲ့ပါသည်။

3. According to Agenda (2), the Secretariat announced the commencement of the AGM, as the quorum specified in the Bank's Constitution was met. The proxies representing Shareholders (the Proxies), Board members, and other attendees will be duly recorded. U Nay Aye, Chairman of the Board of Directors, was invited to deliver welcome remarks and preside as the Chairman of the AGM subject of the prior approval of the Shareholders.

၄။ အစီအစဥ် (၃) သဘာပတိ မှ ဘဏ်၏ဒါရိုက်တာအဖွဲ့ကိုယ်စား အစည်းအဝေးသို့တက်ရောက်လာသူများအား ကြိုဆိုနှုတ်ဆက်စကားပြောကြားပါသည်။ အစုရှယ်ယာရှင်များ ကိုယ်စားမဲပေးရန်အတွက် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ အဖြစ် ခန့်အပ်ထားသည့် ခန့်အပ်မှုစာများကိုလည်း လက်ခံရရှိပြီး၊ အစည်းအဝေးသို့တက်ရောက်လာသော ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများမှ အစည်းအဝေးဆုံးဖြတ်ချက်များအားလုံးကို မဲခွဲဆုံးဖြတ်နိုင်ကြောင်း ကိုလည်း

ပြောကြားပါသည်။ ထို့နောက် သဘာပတိသည် ကျယ်ပြန့်သောအမြင် နှင့် စီးပွားရေးနည်းဗျူဟာဆိုင်ရာ ကောက်ချက်ချမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး၊ အဆိုပြုရန်လိုအပ်သည့် သာမန်အစည်းအဝေးဆုံးဖြတ်ချက်(၄)ရပ်နှင့်ပတ်သက်၍ မေးခွန်းများရှိပါက မေးမြန်းရန် ဖိတ်ကြားခဲ့ပါသည်။

4. According to Agenda (3), on behalf of the Board of Directors, the Chairman extended a warm welcome to all the members and attendees present at the 13th Annual General Meeting of the Bank. The Chairman acknowledged the receipt of proxy forms and informed that proxies attending the meeting would have the voting rights for all the resolutions. The Chairman first proposed the adoption of all four (4) ordinary resolutions on the table and invited the members to address their questions, after which he explained the broad vision and conclusions of the economic strategy.

၅။ အစီအစဥ် (၄) ဘဏ်၏ (၁၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအား ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ မှ တစ်ညီတစ်ညွတ်တည်း အတည်ပြုခဲ့ကြပါသည်။

5. According to Agenda (4), Proxies unanimously approved the minutes of the 12th Annual General Meeting.

၆။ အစီအစဥ် (၅) ဆန္ဒမဲရလဒ်အပေါ်အခြေခံ၍ အောက်ပါဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ပါသည် –

6. According to Agenda (5), based on the result of the voting, the following Resolutions have been declared –

**(၆.၁) အစီအစဥ် (၅.၁) – ၂၀၂၃ ခုနှစ်၊ မတ် လ၊ (၃၁) ရက်၊ ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ နှင့် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းများ အား အတည်ပြုခြင်း**

၂၀၂၃ ခုနှစ်၊ မတ် လ၊ (၃၁) ရက်၊ ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ နှင့် စာရင်းစစ်ဆေးပြီးသည့် ဘဏ္ဍာရေးရှင်းတမ်းများ အား ပြင်ပစာရင်းစစ်က ဖတ်ကြားခဲ့ပြီး အတည်ပြုရန် ကြေညာခဲ့ခြင်းအပေါ် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများက တစ်ညီတစ်ညွတ်တည်း အတည်ပြုခြင်းကြောင့် သဘာပတိ က အစီအစဥ် (၅.၁) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**သာမန်အစည်းအဝေးဆုံးဖြတ်ချက် (၁)။** ၂၀၂၃ ခုနှစ်၊ မတ် လ၊ (၃၁) ရက်၊ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းများ အား အတည်ပြုပါသည်။

**(6.1) ACCORDING TO AGENDA (5.1) – APPROVAL OF THE AUDITED FINANCIAL STATEMENTS, DIRECTORS' REPORT, AND AUDITORS' REPORT FOR THE FINANCIAL YEAR ENDED 31ST MARCH 2023**

The first resolution on the agenda, regarding the approval of the Audited Financial Statements, Directors' Report, and Auditors' Report for the financial year ended 31st March 2023, was unanimously approved by the Proxies. The Chairman declared agenda (5.1) carried.

**ORDINARY RESOLUTION (1),** Audited Financial Statements, Directors’ Report, and Auditors’ Report for the financial year ended 31st March 2023 be adopted.

### (၆.၂) အစီအစဥ် (၅.၂) – ဒါရိုက်တာအဖွဲ့ဝင်များရွေးချယ်တင်မြှောက်ခြင်းကိုအတည်ပြုခြင်း

ဘဏ်၏သင်းဖွဲ့စည်းမျဥ်း အပိုဒ် ၉၉ အရ ဦးနေအေး၊ ဦးသန့်ဇင်၊ ဦးတင့်သွင်၊ ဦးဝင်းထိန်မင်း နှင့် Mr. Christopher Loh (၅) ဦးအား ဒါရိုက်တာများအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခန့်အပ်ခြင်းကို အတည်ပြုရန် ကြေညာခဲ့ရာ အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများက တစ်ညီတစ်ညွတ်တည်း အတည်ပြုခြင်းကြောင့် သဘာပတိ က အစီအစဥ် (၅.၂) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**သာမန်အစည်းအဝေးဆုံးဖြတ်ချက်(၂)။** ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများ က အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဒါရိုက်တာများအဖြစ် ခန့်အပ်ရန် အတည်ပြုပါသည်-

၁။ ဦးနေအေး

၂။ ဦးသန့်ဇင်

၃။ ဦးတင့်သွင်

၄။ ဦးဝင်းထိန်မင်း

၅။ Mr. Christopher Loh

### (6.2) ACCORDING TO AGENDA (5.2) – APPROVAL OF THE APPOINTMENT OF THE DIRECTORS

Pursuant to the Article 99 of Bank’s Constitution, elected and appointed five (5) persons, U Nay Aye, U Thant Zin, U Tint Thwin, U Win Htein Min, and Mr. Christopher Loh as the Directors. The Proxies approved the appointment of Board of Directors. The Chairman declared agenda (5.2) carried.

**ORDINARY RESOLUTION (2),** Proxies approved the re-composition of Board of Directors as follows;

1. U Nay Aye
2. U Thant Zin
3. U Tint Thwin
4. U Win Htein Min
5. Mr. Christopher Loh

**(၆.၃) အစီအစဥ် (၅.၃) – စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို အတည်ပြုခြင်း။**

၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၈၅ အရ စာရင်းစစ်အဖွဲ့ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ (၄) နှစ် ဖြစ်သည် ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် စာရင်းစစ်ကော်မတီ၏ဥက္ကဋ္ဌ အဖြစ် ဦးနေအေး၊ အဖွဲ့ဝင်များအဖြစ် ဦးတင့်သွင် နှင့် ဦးဝင်းထိန်မင်း တို့အား ရွေးချယ်တင်မြှောက်ရန် ကြေညာခြင်းအပေါ် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများက တစ်ညီတစ်ညွတ်တည်း အတည်ပြုခြင်းကြောင့် သဘာပတိ က အစီအစဥ် (၅.၃) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**သာမန်အစည်းအဝေးဆုံးဖြတ်ချက်(၃)။** ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့်အညီဖွဲ့စည်းသည့် စာရင်းစစ်ကော်မတီတွင် ဦးနေအေး (ဥက္ကဋ္ဌ)၊ ဦးတင့်သွင် (အဖွဲ့ဝင်) နှင့် ဦးဝင်းထိန်မင်း (အဖွဲ့ဝင်) တို့အား ခန့်အပ်ခြင်းကို အတည်ပြုပါသည်။

**(6.3) ACCORDING TO AGENDA (5.3) – APPROVAL OF THE APPOINTMENT OF THE AUDIT COMMITTEE MEMBERS**

According to Section 85 of Financial Institution Law 2016, the members of the audit committee shall be appointed period of four (4) years. Therefore, regarding the announcement of U Nay Aye as the Chairman of the Audit Committee, and U Tint Thwin and U Win Htein Min as the members of the Committee, the Proxies unanimously approved the resolution and the Chairman declared agenda (5.3) carried.

**ORDINARY RESOLUTION (3),** according to Financial Institution Law, U Nay Aye (Chairman), U Tint Thwin (Member) and U Win Htein Min (Member) be appointed as the members of Audit Committee.

**(၆.၄) အစီအစဥ် (၅.၄) – U Hla Tun & Associates Limited မှ ဦးမောင်မောင်အောင်အား ဘဏ်၏ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းကို အတည်ပြုခြင်း**

၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၈၈ တွင် ပြင်ပစာရင်းစစ်များကို (၅) နှစ် လျှင် အနည်းဆုံးတစ်ကြိမ် အစားထိုးပြောင်းလဲခန့်အပ်တာဝန်ပေးအပ်ရမည် ဟုပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ယခုဘဏ္ဍာရေးနှစ်မှစ၍ U Hla Tun & Associates Limited မှ ဦးမောင်မောင်အောင်အား ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ရန်ဖြစ်ပါသည်။ စာရင်းစစ်ကော်မတီက ထောက်ခံပြီး ဒါရိုက်တာအဖွဲ့၏အတည်ပြုချက်ကို ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများမှ လက်ခံရရှိခဲ့ပြီးဖြစ်၍ ဦးမောင်မောင်အား ဘဏ်၏ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်ရန်အတွက် အတည်ပြုပေးရန် ကြေညာခြင်းအပေါ် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများက တစ်ညီတစ်ညွတ်တည်း အတည်ပြုခြင်းကြောင့် သဘာပတိ က အစီအစဥ် (၅.၄) ပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

**သာမန်အစည်းအဝေးဆုံးဖြတ်ချက်(၄)။** ဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် U Hla Tun & Associates Limited မှ ဦးမောင်မောင်အောင် အား ခန့်အပ်ရန် အတည်ပြုပါသည်။

(6.4) **ACCORDING TO AGENDA (5.4) – APPROVAL OF THE APPOINTMENT OF U MAUNG MAUNG AUNG FROM U HLA TUN & ASSOCIATES LIMITED AS EXTERNAL AUDITOR**

According to Section 88 of the Financial Institution Law 2016, the external auditors can be appointed and reassigned at least once every (5) years. Therefore, regarding to approve the appointment of U Maung Maung Aung from U Hla Tun & Associates Limited as external auditor of the Bank commencing from this financial year, the Proxies acknowledged the approval of the Board of Directors and Audit Committee for the appointment. The Resolution was unanimously approved, and the Chairman declared agenda (5.4) carried.

**ORDINARY RESOLUTION (4),** U Maung Maung Aung from U Hla Tun & Associates Limited has been appointed as external auditor of the Bank.

၇။ အစီအစဉ် (၆) – အထွေထွေကိစ္စရပ်များ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းရရှိသည့် အကျိုးအမြတ်များကို အမြတ်ဝေစုများခွဲဝေခြင်းမပြုဘဲ လုပ်ငန်းတိုးတက်ကောင်းမွန်ရန်အတွက် ဆက်လက်ထိန်းသိမ်းထားရှိရန် ဆွေးနွေးခြင်းအပေါ် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများက သဘောတူလက်ခံခဲ့ပါသည်။

7. AGENDA (6) - GENERAL MATTERS

Proxies confirmed that Dividends will not be declared for the 2022-2023 financial year and that all profits will be retained for the development of the business.

၈။ အစီအစဉ် (၇) – အစည်းအဝေးပြီးစီးကြောင်းကြေညာခြင်း

သဘာပတိ က အစည်းအဝေးသို့တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး၊ နေ့လည် (၁၂) နာရီတွင် အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခဲ့ပါသည်။

8. AGENDA (7) - DECLARATION OF SUCCESSFUL COMPLETION OF THE MEETING

The Chairman announced that all businesses of the Annual General Meeting had been concluded and declared that the Meeting closed at 12:00 p.m. and thanked everyone for their attendance.

| | |
|---|---|
| **Recorded by** | **Approved as a correct record** |
| **Sint Sett Naing** | **Nay Aye** |
| Legal & Secretariat | Chairman |